# ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
# ကုန်သွယ်ရေးညွန်ကြားမှုဦးစီးဌာန
# ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သောသတင်းလွှာ( ၂ /၂၀၁၄)

၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်

အကြောင်းအရာ။ **မြန်မာနိုင်ငံ၏အပင်မှထုတ်လုပ်သောစိုက်ပျိုးရေးအခြေခံစားသောက်ကုန်ပစ္စည်းများကို ဗီယက်နမ်နိုင်ငံသို့ အမြဲတမ်းတင်ပို့ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ သတင်းလွှာထုတ်ပြန်ခြင်း**

၁။ ဗီယက်နမ်နိုင်ငံ၊ လယ်ယာစိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနမှ National Agro-Forestry-Fisheries Quality Assurance Department (NAFIQAD) ၏ Circular No. 13/2011/TT-BNNPTNT အရ အပင်မှထုတ်လုပ်သော စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ပစ္စည်းများ ဗီယက်နမ်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံ၏စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အဆိုပါကိစ္စဆိုင်ရာ Competent Authority ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ သီးနှံကာကွယ်ရေး ဌာနခွဲတို့က ဗီယက်နမ်နိုင်ငံ၏ Competent Authority ဖြစ်သော NAFIQAD နှင့် တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်ခဲ့သဖြင့် မြန်မာနိုင်ငံ၏အပင်မှထုတ်လုပ်သော စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ပစ္စည်းများကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့မှ ဒီဇင်ဘာလ (၃၁) ရက်နေ့ အထိလည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှ မတ်လ (၃၁) ရက်နေ့ အထိလည်းကောင်း၊၂၀၁၄ခုနှစ်၊ ဧပြီ (၁)ရက်နေ့မှ ဇွန်လ(၃၀)ရက်နေ့အထိ လည်းကောင်း အသီးသီး ယာယီတင်ပို့ခွင့်များ ပြုခဲ့ကြပါသည်။

၂။ ထို့အပြင် မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဗီယက်နမ်နိုင်ငံ၊ NAFIQAD ဌာနများ အချင်းချင်း ပူးပေါင်း၍ လိုအပ်သည့်အချက်အလက်များ ထပ်မံပံ့ပိုးပေးခဲ့သဖြင့် ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အပင်မှထုတ်လုပ်သော စိုက်ပျိုးရေး အခြေခံစားသောက်ကုန်ပစ္စည်းများကို ၂၀၁၄ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့မှစတင်၍ **အမြဲတမ်း** တင်ပို့ခွင့်ပြုခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ မြန်မာ့ပို့ကုန် လုပ်ငန်းရှင်များအနေဖြင့် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် (Phytosanitary Certificate) ရယူ၍ ဗီယက်နမ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများအမြဲတမ်းတင်ပို့ခွင့်ရရှိနေပြီဖြစ်ပါကြောင်း ပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အသိပေး ကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးညွန်ကြားမှုဦးစီးဌာန**